ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

ကြံခင်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan(VDP)

ကြံခင်းမြို့နယ်

၂၀၁၈ - ခုနှစ် ကွင်းကြီးအုပ်စု၊မှန်ကွင်းကျေးရွာ

**မာတိကာ**


၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင် သောကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်
(PSA/PRA)အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ
အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့်
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)

၁၃.အစည်းအဝေးမှတ်တမ်းများ


၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီ မြစ်
ရေသာယာချောင်း
ဖါးတရှည်ချောင်း
ရခိုင် ပြည် နယ်
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ပတော်သစ်တော ကြိုးဝိုင်း
ရွှေသမင်သစ်တော ကြိုးဝိုင်း
မြန် အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂။ ကြံခင်းမြို့နယ် ကွင်းကြီးကျေးရွာအုပ်စုပြမြေပုံ




ကွင်းကြီးကျေးရွာအုပ်စုပြမြေပုံ

**၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း** (ကွင်းကြီးကျေးရွာအုပ်စု)

၁. ကွင်းကြီးကျေးရွာ

၂. သံအိုးကင်းကျေးရွာ

၃. **မှန်ကွင်းကျေးရွာ**

၄. အုပ္ပံကျေးရွာ

၅. သုမင်္ဂလ(ဝက်လူး)ကျေးရွာ

ကွင်းကြီးကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၅)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄။ မှန်ကွင်းကျေးရွာ၏အခြေခံအချက်အလက်များ

ဧရာဝတီတိုင်း ၊ကြံခင်းမြို့နယ် ၊ကွင်းကြီးအုပ်စု၊ မှန်ကွင်းကျေးရွာသည် အိမ်ခြေ(၁၀၇) အိမ်ရှိသော ကျေးရွာကြီးတစ်ရွာ ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း(၁၀၀)ကျော်ခန့်က ဒေသတွင်းနေ တောင်သူလယ်သမားမှ မှန်ပင်များကို ခုတ်ထွင်ရှင်းလင်းကာ ကျေးရွာအဖြစ် စတင်တည်ထောင် ခဲ့ကြသည်ဟုသိရှိရပါသည်။

မှန်ကွင်းကျေးရွာသည် အနောက်ဘက်တွင်သံအိုးကင်းကျေးရွာ၊ အရှေ့ဘက်တွင်အုပ်ပွဲ ကျေးရွာဝက်လူး(သုမင်) ကျေးရွာတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေပါသည်။ကျေးရွာသည် သဲမြေဆန်သော ကျောက်လမ်း ၊ မြေသားလမ်းပေါ်တွင် တည်ရှိပြီး ကျေးရွာဘေးပတ်ဝန်းကျင်တွင် လယ်ကွင်းများ၊ သစ်တောများရှိသည်ကို တွေ့ရပါသည်။ ကျေးရွာတွင်းနေ ကျေးရွာသူ ကျေးရွာသားများမှာ ဗုဒ္ဓဘာသာ ဗမာလူမျိုးများ ဖြစ်ကြပါသည်။

ကျေးရွာတွင် နေထိုင်သူအများစုမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသူများ ဖြစ်ပြီး ရာသီအလိုက် စပါး ၊ ပဲ ၊ နှမ်း စသည့် လယ်ယာထွက်ကုန်များကို စိုက်ပျိုးခြင်း၊ ရောင်းချခြင်းဖြင့် လုပ်ကိုင် စားသောက်ကြပါသည်။ လက်မှုပညာရှင်များဖြစ်သော လက်သမားနှင့် ကျန်းမာရေးဝန်ထမ်း ၊ပညာရေးဝန်ထမ်းများ နေထိုင်ကြပြီး ကျပန်း လုပ်ကိုင်စားသောက်သူများလည်း ရှိပါသည်။

ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း၊ ဘုရား ၊ သိမ် ၊ဓမ္မာရုံများ တည်ရှိကိုးကွယ်ပြီး ပညာရေး အဆောက်အဦးအနေဖြင့် အခြေခံပညာ မူလတန်းကျောင်းနှင့် မူလတန်းကြိုကျောင်း ရှိပါသည်။ ကျေးရွာတွင်နေထိုင်ကြသော၊ဆရာ၊ဆရာမများအပြင်အခြားကျေးရွာမှလာရောက်ပညာ သင်ကြားပေးသော ဆရာ ၊ ဆရာမ များလည်း ရှိပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေးများကို လာရောက်လုပ်ကိုင်ကြသော ၊ World Vision အဖွဲ့အစည်းလည်း ရှိပါသည်။

ကျေးရွာတွင် ရေကြီးရေလျှံသောနှစ်များလည်းရှိပြီး ၊ ထိုကာလများ တွင် လယ်ကွင်းများနှင့် ရွာချင်းဆက်လမ်းများ ရေမြုပ်ကြောင်းလည်း သိရပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၂၄.၉.၂၀၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၄၁ | ၃၃ | ၇၄ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်မဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၂၄.၉.၂၀၁၇ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၄၁ | ၃၃ | ၇၄ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊ သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၂၄.၉.၂၀၁၇ | ချမ်းသာ၊ အလယ်အလက်နွမ်းပါးအုပ်စုများ | ၄၁ | ၃၃ | ၇၄ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၂၄.၉.၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | ၄၁ | ၃၃ | ၇၄ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက်<br>(Cobweb) | ၂၇.၉.၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၄၁ | ၃၃ | ၇၄ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင့်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ် သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များ<br>အပေါ်<br>အသုံးချနိုင်မှု၊<br>လွှမ်းမိုး<br>မှုနှင့်ဆုံးဖြတ်နိုင်မှု<br>(Assent Mapping) | ၂၇.၉.၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၄၁ | ၃၃ | ၇၄ | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစား<br>ခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြသနာ<br>(Problem) | ၂၇.၉.၂၀၁၇ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၄၁ | ၃၃ | ၇၄ | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက်<br>(Village Vision) | ၂၇.၉.၂၀၁၇ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၄၁ | ၃၃ | ၇၄ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-<br>ဘာကြောင့်မျှော်မှန်းထားမှု |
| ၉။ | ကျေးရွာ<br>ဦးစားပေး<br>လုပ်ငန်း | ၂၇.၉.၂၀၁၇ | ကော်မတီဂင်များရပ်ရွာလူထုများ၊တက်ရောက်သူအားလုံး | ၄၁ | ၃၃ | ၇၄ | အကျိုးပြုဦးရေအကျိုးခံစားခွင့်<br>လိုအပ်ချက်<br>အဆင့်သတ်<br>မှတ်ခြင်း |

## ၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

### (က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်



လူမှုအရင်းအမြစ်ပြမြေပုံ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ခြင်း)


- လယ်ယာကိုင်းကျွန်းအင်တော ဝါးတော စသောဒေသရှိအရင်းအမြစ်များ ကိုအမှီပြု ၍ အသက် မွေးဝမ်းကြောင်း ပြုကြပါသည်။ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်၊ ယာ၊ ပဲ၊ နှမ်း စိုက်ပျိုးရေး လုပ်ငန်းဖြစ်ပါသည်။
- မိုးတွင်းကာလတွင် ကျေးရွာလယ်ကွင်းလမ်းများ ရေကြီးရေလျှံခြင်းကြောင့် နှစ်စဉ် လိုပင် ရေကြီးခြင်းဒဏ်ခံရလေ့ရှိသော ကျေးရွာဖြစ်သည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် ဗမာ လူမျိုး ဗုဒ္ဓဘာသာများဖြစ်၍ ဘာသာတရား ရိုသေကိုင်းရှိုင်းမှုရှိကြသော ကျေးရွာတစ်ရွာဖြစ်ပါ သည်။
- ကျေးရွာတွင် နွမ်းပါးသော မိသားစုများ နေထိုင်ရာအပိုင်းတွင် သောက်သုံးရေ မရရှိသဖြင့် ၎င်း အပိုင်းတွင် သောက်သုံးရေ ရရှိစေရန် အားလုံးမှ ဆန္ဒရှိလိုချင်ကြပါသည်။ ဒုတိယနှစ်စက်ဝန်း-တွင် အုပ်စုလိုအပ်ချက်အရ လုပ်ငန်းရပ်နား၍ တတိယနှစ်စက်ဝန်းတွင် ကျေးရွာတွင်းလမ်းများ ကောင်းမွန်စေရန် လျာထားကြောင်း တွေ့ရှိရပါသည်။

## ဖွံ့ဖြိုးရေးလိုအပ်ချက်

- ရွာတွင်းလမ်း ရာသီမရွေး၊ ကောင်းမွန်ရေး
- ကျေးရွာတွင်း လျှပ်စစ်မီးရရှိရေး
- ရွာချင်းဆက်လမ်း၊ ကောင်းမွန်ရေး
- အစည်းအဝေးခန်းမ
- အားကစားကွင်း
- ဝင်ငွေတိုးလုပ်ငန်းများ
    - ကြက်၊ ဝက် မွေးမြူရေး နှင့် မွေးမြူရေးဆိုင်ရာ သင်တန်းများ
    - စိုက်ပျိုးရေးအတွက် ချေးငွေ
    - အသက်မွေးဝမ်းကြောင်းအတွက် လက်မှုပညာဆိုင်ရာ သင်တန်းများ

## ၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

(၁) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်




ရာသီခွင်ပြ ပြက္ခဒိန်

ရာသီစွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- လယ်ယာလုပ်ငန်း နှင့် တောင်ယာလုပ်ငန်းသည် ကျေးရွာ၏ အဓိကလုပ်ငန်းများဖြစ်သည်။
- ရာသီအလိုက် မြေဩဇာချခြင်း၊ ပျိုးကျဲခြင်း၊မြက်တူးခြင်း၊ ကောက်စိုက်ခြင်း၊ ကောက်ရိတ်ခြင်း၊ မြက်ကောက်ခြင်း စပါးခြွေခြင်းနှင့် အင်ဖက်ခူးခြင်း ပဲစိုက်ပဲနှုတ်ခြင်း စသောအလုပ်အကိုင်များ ရာသီအလိုက် လုပ်ကိုင်ကြပြီး လုပ်အားခဝင်ငွေများ ရရှိကြပါသည်။
- နယုန်လတွင်မြက်တူးခြင်း ပျိုးကျဲခြင်း ဝါဆို ဝါခေါင်လများတွင် လယ်ထွန်ခြင်း ကောက်စိုက်ခြင်း လုပ်ငန်းများ တော်သလင်းတွင် မြက်ကောက်ခြင်း သီတင်းကျွတ်လတွင် ကောက်လျှင်ရိတ်ခြင်း တန်ဆောင်မုန်းတွင် ကောက်ရိတ်ခြင်း နတ်တော်လတွင် စပါးခြွေခြင်း ၊ပြာသိုလတွင် အင်ဖက်ခူးခြင်းတပို့တွဲလ၊တပေါင်းလများတွင်မတ်ပဲနှုတ်ခြင်းစသည့်လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ဆောင်ရွက် ကြပါသည်။ ၎င်းလများသည် ဝင်ငွေကောင်းသောလများဖြစ်ပြီး အမျိုးသား၊အမျိုးသမီး တစ်နေ့လျှင်(၄၀၀၀) ကျပ်နှုန်း ပျမ်းမျှရရှိကြပါသည်။
- ကျန်းမာရေးမှာရာသီအကူးအပြောင်းများတွင်မကောင်းတတ်ပဲ၊ဝါခေါင်နှင့် တော်သလင်းလများတွင် ဝမ်းပျက် ဝမ်းလျှောခြင်းများဖြစ်ပြီး တန်ခူး၊ နယုန်၊ ဝါဆို၊ တန်ဆောင်မုန်း၊ နတ်တော်လများတွင် နာစေး၊ ချောင်းဆိုး၊ တုတ်ကွေး စသော ရောဂါများ ဖြစ်ပွားတတ်ပါသည်။
- ရေချိုသောက်သုံးရေအတွက် ကျေးရွာ နှင့် (၁) မိုင်ခန့်ဝေးကွာသော နေရာသို့ စည်များဖြင့် သွားရောက်ခပ်ယူကြရကြောင်းလည်း သိခဲ့ရပါသည်။
- ကျေးရွာ၏ ပွဲတော်ကျင်းပသောလရာသီများမှာ တန်ခူးတွင် သင်္ကြန်ပွဲတော်၊ ကဆုန်တွင် ညောင်ရေသွန်းပွဲတော်၊ သီတင်းကျွတ်တွင် မီးထွန်းပွဲတော် ပြာသိုလတွင် တရားပွဲတော်နှင့် တပို့တွဲတွင် ထမနဲပွဲတို့ ဖြစ်ကြပါသည်။
- ရွှေ့ပြောင်းလုပ်သားများအနေဖြင့် မိမိနေရပ်မှခွါကာ၊ ရန်ကုန်စသည့် မြို့ကြီးများပေါ်သို့ သွားရောက်အလုပ် လုပ်ကိုင်ကြသော လူငယ်လူရွယ်များရှိပြီး၊ တန်ခူး နှင့် သီတင်းကျွတ် ကဲ့သို့သော ပိတ်ရက်ရှည်များသော လများတွင်၊ မိမိတို့ဇာတိရပ်ရွာသို့ ပြန်လာတတ်ကြောင်း သိရပါသည်။
- သဘာဝဘေးအန္တရာယ် နှင့် ကျေးရွာ၏လမ်းပန်းဆက်သွယ်ရေး အခြေနေများမှာ၊ မိုးရာသီဖြစ်သော နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း လရာသီများတွင် တောင်ကျရေများ ဒလဟောစီးဆင်းမှုကြောင့် လမ်းရေလျှံခြင်း၊လမ်းပျက်ဆီးခြင်းများ ကြုံတွေ့ရပြီး ကျန်ကာလများတွင်အဆင်ပြေပါသည်။
- ရာသီစွင်ပြပြက္ခဒိန် ကို ဝိုင်းဖွဲ့ဆွေးနွေးခြင်းအားဖြင့် အမျိုးသားများ နှင့် အမျိုးသမီး တို့၏နေ့စဉ်လူမှုကိစ္စ၊ အိမ်မှုကိစ္စများတွင် တာဝန်ခွဲဝေယူမှု၊ ကျား၊မရေးရာ ကဏ္ဍများ အချိုးညီစွာတွင်ကျယ် စေမှု စသောသဘောတရားများကို သိမြင်ခံစားလာအောင်ဆွေးနွေးနိုင်ခဲ့ပါသည်။

၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

(က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်



မှန်ကွင်းကျေးရွာ
ကွင်းကြီးအုပ်စု

ဥစ္စာဓနပိုင်ဆိုင်မှုပြ ဇယား

ပါဝင်ဆွေးနွေးသူ - ကျား -
မ -

| အဆင့် | ခွဲသတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| က | နွားမျိုး၊ ပျဉ်ထောင်ပျဉ်ခင်းတိုက်ခံအိမ်၊ [illegible]၊ လယ်ထွန်စက်၊ ကြွေလှေ့စက်၊ ရေတင်စက်၊ မြက်ဖြတ်စက်၊ နွားတစ်ရှဉ်း[illegible]၊ ဆိုင်ကယ်၊ ရေခဲသေတ္တာ၊ ဆိုလာ၊ ကိုင်း၊ မြေ၊ ကား[illegible]၊ ကျောင်းသူ/သား များရှိ။ | ၂၂ | ၂၀% |
| ခ | နွားမျိုး၊ ထရံကာဝါးခင်းအိမ်၊ [illegible]၊ မြက်ဖြတ်စက်၊ ရေတင်စက်၊ နွားတစ်ရှဉ်း၊ ဆိုင်ကယ်၊ TV၊ ဖုန်း၊ ဆိုလာ၊ ကျောင်းသူ/သားများရှိ။ ကိုင်းနှင့်မြေ အနည်းငယ် ပိုင်ဆိုင် | ၁၈ | ၁၇% |
| ဂ | ကျက်မိုး/သက္ကယ်မိုး ကြမ်းခင်းထရံကာအိမ်၊ ဝက်[illegible]၊ ကြက်၊ ဝက်၊ ဆိုင်ကယ်၊ TV၊ ဖုန်း၊ ဆိုလာ၊ ကျောင်းသူ/သားများရှိ။ | ၅၆+၂ | ၅၄% |
| ဃ | ဝါးအိမ်၊ ကျက်မိုး ဖက်ကာ၊ ကြက် | ၈+၁ | ၈% |
| စုစုပေါင်း | | ၁၀၆+၁ | ၁၀၀% |

လူမှုစီးပွားအဆင့်သတ်မှတ်ချက်


**ဥစ္စာဓနကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

- ကျေးရွာတွင် ( က၊ ခ၊ ဂ၊ ဃ ) အဆင့်( ၄ ) ဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။ (က)အဆင့် အိမ်ထောင်စုများသည် ချမ်းသာ၊ (ခ)အဆင့် အိမ်ထောင်စုများသည် အသင့်အတင့်၊ (ဂ)အဆင့် အိမ်ထောင်စုများသည် နွမ်းပါး၊ (ဃ)အဆင့် အိမ်ထောင်စုများသည် အလွန်နွမ်းပါးဟူ၍ သတ်မှတ်သည်။
- (ဂ) အဆင့် မပြေလည်သောအုပ်စုသည် (၅၈) အိမ်ထောင်စု၊ (ဃ) အဆင့် အလွန်နွမ်းပါး သောအုပ်စုသည် (၉) အိမ်ထောင်စု ဟူ၍သတ်မှတ်ရရှိခဲ့ပါသည်။
- မပြေလည်သော နှင့် အလွန်နွမ်းပါးသော အကြောင်းအရင်းများမှာ လက်လုပ်လက်စားများ ခြင်း၊ ပုံမှန်ဝင်ငွေ ရရှိရန်အတွက် အလုပ်အကိုင်၊ အခွင့်အလမ်းနည်းပါးခြင်း၊ လယ်ယာမြေ ပိုင်ဆိုင်မှုမရှိခြင်း၊ မိဘများဗဟုသုတနည်းပါးခြင်း နှင့် ပညာရေးတွင် ဆုံးခန်းတိုင်အောင် သင်ကြားမပေး နိုင်ခြင်း စသည်တို့ကြောင့် ဖြစ်ကြပါသည်။ပိုင်ဆိုင်မှုမှာ ဖက်မိုး/သက်ငယ်မိုး ဝါးကြမ်း ထရံကာဖြစ်ပြီး အိမ်မွေးအဖြစ် ကြက်၊ဝက် အနည်းငယ် မွေးမြူကြပါသည်။
- (က)အဆင့် ကျေးရွာ၏ချမ်းသာသောအုပ်စုတွင် (၂၂) အိမ်ထောင်စု (ခ)အဆင့် အသင့်အတင့် အိမ်ထေင်စုများ အုပ်စုတွင် (၁၈) အိမ်ထောင်စုရှိပြီး ပိုင်ဆိုင်မှုများမှာ များစွာကွာဟမှုမရှိဘဲ သွပ်မိုးပျဉ်ထောင်အိမ် (၈) ဧက အထက်/ အောက် လယ်ယာမြေ လယ်ထွန်စက် နွား (၁) ရှဉ်း ဆိုင်ကယ် တီဗီ ဖုန်း စသည်ဖြင့် ပိုင်ဆိုင်ကြပြီး ဆိုလာမီးကို အသုံးပြုကြပါသည်။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊နွမ်းပါးသူများနှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၎င်းတို့၏လိုအပ်ချက်များ၊ ကျေးရွာ၏ဆန္ဒ သဘောထားများ ကို ဦးစားပေး၍ စဉ်းစား ရေးဆွဲခဲ့ပါသည်။
- ကျေးရွာ အခြေခံ အဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင် ရွက်ရာတွင် ကျေးရွာလူထုနွမ်းပါးသူများ ဝင်ရောက်လုပ်ကိုင်ခြင်းအားဖြင့် လုပ်အားခ ရရှိပြီး၊ ဝင်ငွေများ များရရှိလာမည်ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျေးရွာတွင် လုပ်ကိုင်ခြင်း ဖြင့်ကျေးရွာ လူထုမှ အချိန်ကုန်မှုများ လျော့လာပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အတွက် ထောက်ပံ့ပေးနိုင်မည်ဖြစ်သည်

## ၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း

အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ





## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာအတွင်းရှိသောအဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာ၊မီးသတ်အဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ ကျေးရွာလူငယ်အဖွဲ့၊ ဂေါပကအဖွဲ့၊ World Vision အဖွဲ့ နှင့် လူထုဗဟိုပြုစီမံကိန်းအဖွဲ့ တို့ဖြစ်ကြပြီး၊ ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများမှာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်မိခင် နှင့် ကလေး၊ မြို့နယ်အမျိုးသမီးရေးရာ၊ မြို့နယ်မီးသတ်အဖွဲ့၊ မြို့နယ်ကျောင်းကော်မတီ၊ မြို့နယ် World Vision အဖွဲ့ နှင့် မြို့နယ်လူထုဗဟိုပြု စီမံကိန်းအဖွဲ့တို့ဖြစ်ကြပါသည်။
- ကျေးရွာရှိ အုပ်ချုပ်ရေးပိုင်းသည် ကျေးရွာအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးပိုင်းများကို အဓိကဦးဆောင်မှုပြုလုပ်ကြပြီး၊ ကျေးရွာ နှင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ အတူပူးပေါင်း၍ အချင်းချင်း၊ ချိတ်ဆက် ဆောင်ရွက်ကြပါသည်။
- ကျေးရွာအတွင်း နှင့် ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများသည် လိုအပ်ပါက၊ ကျေးရွာ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး နှင့် ကျေးရွာ၏လိုအပ်ချက်များ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်၊ အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုပြုကြောင်း၊ တွေ့ရပါသည်။
- ကျေးရွာလူငယ်ပရဟိတအဖွဲ့သည် ကျေးရွာ၏ သာရေး၊ နာရေးများ နှင့် လူမှုရေးလုပ်ငန်းများကို အုပ်ချုပ်ရေး အဖွဲ့ နှင့် ချိတ်ဆက်၍ ဆောင်ရွက်ကြပြီး၊ လူငယ်ပရဟိတအဖွဲ့တွင် အမျိုးသား နှင့် အမျိုးသမီးများလည်း ဖွဲ့စည်းပါဝင်ကြပါသည်။ ၄င်းတို့သည် ကျေးရွာသာရေး၊ နာရေးများ ဆောင်ရွက်ကြရုံသာမက၊ ကျေးရွာသာရေး၊ နာရေး နှင့် ချက်ရေးပြုတ်ရေး၊ ကျွေးမွေးဧည့်ခံ ရေးတို့တွင် အမျိုးသား၊ အမျိုးသမီးများအတူ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါသည်။
- ဂေါပကအဖွဲ့၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ ကျောင်းကော်မတီ၊ လူထုဗဟိုပြု နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြကြောင်းသိရှိရပါသည်။
- ကျေးရွာတွင်း နှင့် ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများကို သိရှိခြင်းအားဖြင့် ကျေးရွာ၊ အုပ်စု၊ မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှု သတင်းအချက်အလက်များကို တပြေးညီ ဆောင်ရွက်သိရှိစေပြီး၊ ပိုမိုဖွံ့ဖြိုး အောင်မြင်နိုင်လိမ့် မည်ဟု သိမြင်ခံစားမိပါသည်။

## ၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်






အရင်းအမြစ် များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

## အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- အရင်းအမြစ် ပိုင်ဆိုင်မှု၊ အသုံးပြုမှု တို့တွင် အမျိုးသမီးများ နှင့် အမျိုးသားများသည် လမ်း၊ စာသင်ကျောင်း၊ ရေတွင်း၊တုံကင် ၊ထင်း ၊ လယ်၊ အင်တော၊ ဝါးတော၊ ဝက်မွေးမြူရေး၊ စက်ဘီး၊ ဆိုင်ကယ်၊ လယ်ယာသုံးတံဇဉ်၊ အိမ်သုံးဓား စသည်တို့ကို အတူတူအသုံးပြု ပိုင်ဆိုင်ကြသည်ကို တွေ့ ရ သည်။
- ကြက်၊ ဘဲ မွေးမြူရေးနှင့် အင်ဖက်တော စသည်များကို အမျိုးသမီးများက သီးသန့် အသုံးပြုပိုင်ဆိုင်ကြသည်။
- လယ်ထွန်စက်၊ နွား၊ မြက်ဖြတ်စက်၊ လှည်း၊ ချောင်း၊ သုံးဘီး၊ တံတား များကို အမျိုးသားများမှ သီးသန့် အသုံးပြုကြပါသည်။
- အရင်းအမြစ် ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းများတွင် အများအားဖြင့်၊ အမျိုးသားများကသာ ထိန်းချုပ်ခြင်း/ဆုံးဖြတ်ချက်ချခြင်းများကို ပြုလုပ်နေကြသည်။
- အမျိုးသမီးများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော/ဆုံးဖြတ်ချက်ချရသောအရင်းအမြစ် မှာ၊ အလွန်ပင် နည်းပါးသည်။ နှစ်ဦးစလုံးအသုံးပြုသော အရင်းအမြစ်များမှာ အလွန်များပြား သည်။ သို့သော် ထိုအရင်းအမြစ်များကို ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင်မူ အများအား ဖြင့်အမျိုးသားများကသာ ထိန်းချုပ်ထားကြ သည်။
- အမျိုးသမီးများအနေဖြင့် ၎င်းတို့ကိုယ်တိုင်ထိန်းချုပ်ရသော(သို့) ဆုံးဖြတ်ချက်ချရသော အရင်း မြစ်များမှာ အလွန်နည်းပါးသည်။
- လူမှုရေး ဆောင်ရွက်ရာတွင် လည်းကောင်း၊ ကျေးရွာ၏ အစည်းအဝေးများတွင် ပါဝင် လုပ်ဆောင်ရာတွင်လည်းကောင်း၊ အစည်းအဝေးများတွင် ပါဝင်ဆွေးနွေးခြင်း၊ တက်ရောက် ခြင်း၊ အပြန် အလှန်တိုင်ပင် ဆုံးဖြတ်ခြင်းဖြင့် အမျိုးသား နှင့် အမျိုးသမီး တန်းတူညီမျှသော အခွင့်အရေးကို ညီမျှအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ထင်မြင်သုံးသပ် မိပါသည်။

## ၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

<u>(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်</u>





ပင့်ကူအိမ်ကွန်ယက်

**ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက်**

- အမျိုးသားများသည် အုပ်ချုပ်မှုနှင့် လုံခြုံမှုတို့တွင် သိသိသာသာ အားကောင်းတွေ့ရှိခဲ့ပါသည်။
- အိမ်တွင်းမှု နှင့် ပညာရေးတို့တွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုအားကောင်း နေသည်ကို တွေ့ရှိရပါသည်။
- ပစ္စည်း ဥစ္စာပိုင်ဆိုင်မှု၊ အဖွဲ့အစည်းတွင်ပါဝင်မှု၊ အလုပ်အကိုင်စသည့် အကြောင်းအရာ များတွင် အမျိုးသားနှင့် အမျိုးသမီးများသည် ကွာဟမှုများစွာမတွေ့ရဘဲ လူမှုရေးပါဝင် ဆောင်ရွက်မှုတွင် အမျိုးသားနှင့် အမျိုးသမီးသည် (၅၀း၅၀) ရာခိုင်နှုန်း အချိုး ညီမျှနေ သည်ကို တွေ့ရပါသည်။
- ပါဝင်ဆွေးနွေးသူ အရေအတွက်မှာ ကျား(၉)၊ မ(၁၃) ဖြစ်ပါသည်။

## ၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

<u>(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်</u>



အခက်အခဲပြဿနာများ

**အခက်အခဲ ပြဿနာများ (ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက် )**


အမျိုးသားများ ကြုံတွေ့ရင်ဆိုင်နေရသော အခက်အခဲများမှာ မိုးတွင်းကာလတွင် လမ်းများသွားလာ- ရေးအဆင်မပြေခြင်း၊ လယ်ယာကုန်ထုတ်လမ်း မရှိ၍ လယ်ယာကဏ္ဍလုပ်ငန်းများ သယ်ယူရာတွင် ခက်ခဲခြင်း၊ လယ်မြေကေ ကွက်များ မရှိ၍ သယ်ယူရေးခက်ခဲခြင်း၊ လယ်ယာလုပ်ငန်းတွင် စိုက်ပျိုးရေ မလုံလောက်ရခြင်း၊ ရွာတွင်ကျန်းမာရေး ဆေးပေးခန်း မရှိ၍ အဝေးသို့သွားရောက် ပြသနေရခြင်း၊ ရွာရှိမီးလင်းရေး လုံလောက်မှုမရှိခြင်း၊ အလုပ်အကိုင်ရှားပါး၍ နေ့စဉ်ပုံမှန်ဝင်ငွေမရှိခြင်း၊ ဂုံးပေါက် များရေထွက် ကျဉ်းမြောင်း၍ တာပေါ်ရေကျော်ခြင်း စသည်တို့ဖြစ်ကြပါသည်။

အမျိုးသမီးများ ကြုံတွေ့ရင်ဆိုင်နေရသော အခက်အခဲများမှာ နွေကာလရေခပ်ရာတွင် အချိန်ပေးရ ခြင်း စိုက်ပျိုးရေးတွင် ရေလုံလောက်မှု မရှိ၍ မီးဖိုချောင်ဝင်ငွေ မရရှိခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမှီခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ မိုးတွင်းကာလ ပျက်စီး၍ စီးပွားရေးများ အခက်အခဲ ရှိခြင်း၊ မီးအလင်းရရှိရာတွင် အားလုံးအတွက် လုံလောက်မှုမရှိခြင်း၊ ပုံမှန်ဝင်ငွေမရှိ၍ မိသားစုစားဝတ် နေရေး မလုံလောက်ခြင်း စသည်တို့ ဖြစ်ကြပါသည်။

အထက်ဖော်ပြပါ အခက်အခဲများသည် ကျေးရွာ၏ အဓိကကျသော အခက်အခဲများ ဖြစ်ကြောင်း သုံးသပ်မိပါသည်။

## ၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

(ဓ) ကျေးရွာ မျှော်မှန်းချက်လုပ်ငန်းများအပေါ် သုံးသပ်ချက်



**ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )**

အမျိုးသားများအနေဖြင့် ၎င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းကြရာတွင် လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်လျှပ်စစ်မီးရချင်ပါသည်။အရှေ့အနောက် ဆက်သွယ်ရေးလမ်း များစိုက်ပျိုးရေး အတွက် မျိုးသန့်စပါးများ လိုချင်ပါသည်။ တောင်သူလယ်သမားများ ကျေးရွာပြည်သူများ အားလုံး စီးပွားရေးကဏ္ဍများ အဆင်ပြေစေရန် နှစ်ရှည် ချေးငွေအလုံအလောက် ရရှိစေချင်ပါသည်။


အုပ်ပွံ့-မှန်ကွင်းဆက်လမ်းရာသီမရွေးအဆင်ပြေစေရန် ချောင်းကျောက်ခင်းလမ်း ဖြစ်စေချင် ပါသည်။ တာပေါ်ရေကျော်၍ ဂုံးပေါက်များ ရေဝင်ရေထွက် ကောင်းစေရန် ထပ်ဖောက်ချင်ပါသည်။ ရေအတွက် စိတ်ဆင်းရဲမှုများ မရှိစေရန် အိမ်အရောက် ရေများရရှိစေချင်ပါသည်။

အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ စိုက်ပျိုးရေးအတွက် ရေအလုံ အလောက် ရရှိစေချင်ပါသည်။ကလေးများ ပညာရေးအတွက် လျှပ်စစ်မီးအလင်းရောင် ရရှိစေချင်သည်။ ကလေးများအတွက် ဗဟုသုတရရှိစေသော စာအုပ်များလိုချင်ပါသည်။မိသားစုဝင်ငွေတိုးစေရန် အမျိုးသမီးများ ပုံမှန်ဝင်ငွေရရှိရန် မျှော်မှန်းထားကြပါသည်။ ကလေးများအတွက် ကျန်းမာရေး ဟောပြောပွဲများဆောင်ရွက်ပေးစေချင်သည်။ သဲဗွက်များ ရှင်းလင်းသော၊ ကောင်းမွန်သော ရွာတွင်းလမ်းများ လိုချင်ပါသည်။ လျှပ်စစ်မီး နှင့် ရေချို ရရှိပြီး၊ ချက်ပြုတ်ရေး နှင့် နေထိုင်ရေးများ အဆင်ပြေစေချင်ပါသည်။ လယ်သမားများအတွက် သီးနှံအထွက်တိုးစေရန်၊စိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်း မျိုးသန့်များ ရရှိချင်ပါသည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများ အဆင်ပြေစေရန်၊ ရွာတွင်းလမ်းများ ကောင်းမွန်စေချင်ပါသည် စသည်တို့ကို မျှော်မှန်းထားကြပါသည်။

အမျိုးသားနှင့် အမျိုးသမီးတို့သည် အများအားဖြင့် မျှော်မှန်းချက်ခြင်း တူညီနေကြသည်။ ၎င်းတို့သည် အဓိကအားဖြင့် ကျေးရွာတွင်းလမ်းကောင်းမွန်စေရန် မျှော်မှန်းထားကြသည်။ ကျေးရွာ တွင်းလမ်းကောင်းမွန်ပါက ကျောင်းသား၊ ကျောင်းသူများ ကျောင်းပညာရေးအတွက် သွားလာရ အဆင်ပြေစေရန် နှင့် နှောင့်နှေးမှုမရှိစေရန်၊ ကျေးရွာလူထု စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အဆင် ပြေလွယ်ကူစေလိမ့်မည်ဟု မျှော်လင့်ထားကြပါသည်။

၆. ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော လူမှုဆန်းစစ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ နှင့် တစ်ခုခြင်းစီအတွက် သုံးသပ်ချက်များ

(၅) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်



ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက် ( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )

ကွင်းကြီးအုပ်စု၊ မှန်ကွင်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး အဆင့်သတ်မှတ် ရာတွင် မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ထိုသို့ မဲပေးရွေးချယ် ရာတွင် မဲအများဆုံး ဖြစ်သော ရွာတွင်း၊ ကျောက်ပိုးထိုးမြေနီလမ်း လုပ်ငန်းအား ဦးစာပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံးဖြစ်သောဂုံးပေါက်လုပ်ငန်းအားဦးစားပေး(၂)အဖြစ်လည်းကောင်း၊ တတိယမဲ အများဆုံး မှန်ကွင်းအုပ်ပွဲ့ ချောင်းကျောက်ခင်းလမ်း စသည်ဖြင့် မဲစဉ်အလိုက် အသီးသီး ရွေးချယ်ခဲ့ကြပါသည်။

အထက်ပါလုပ်ငန်း(၃)ခုတွင် အုပ်စုအဆင့်ရွေးချယ်ပွဲ၌၊ ရွာတွင်း ကျောက်ပိုးထိုးမြေနီ ကျောက်စရစ်လမ်း မှာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အဆင့်(၁) အဖြစ် မှန်ကွင်းကျေးရွာမှ စီမံကိန်း လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိခဲ့ပါသည်။ အုပ်စုအနေဖြင့် မှန်ကွင်းကျေးရွာ၏ အမှန်တကယ်လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းကို စဉ်းစားရွေးချယ်၊ ဆုံးဖြတ်ပေးခဲ့ခြင်း ဖြစ်ပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ




လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်မှ ပူးပေါင်းပါဝင်ရေးဆွဲနေပုံ



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ

၈။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ အဖွဲ့ဝင်စာရင်း

အုပ်စု။ ။ ကွင်းကြီး ကျေးရွာ။ ။ မှန်ကွင်း

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ၂၇-၉-၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဋ္ဌ | ဦးစိုးသူအောင် | ၀၉၇၆၆၈၇၇၃၃၈ | |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်ဝင်းမာစန်း | ၀၉၄၅၀၁၁၅၉၆၈ | |
| ၃ | | ခေါင်းဆောင် | ဦးစိုးသူ | ၀၉၄၅၅၃၅၂၇၁၉ | |
| ၄ | ဝယ်ယူရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဒေါ်သီသီမိုး | ၀၉၄၅၄၄၉၀၇၁၈ | |
| ၅ | | အဖွဲ့ဝင် | ဦးကျော်သက်နိုင် | ၀၉၄၂၈၁၄၃၃၉၇ | |
| ၆ | | ခေါင်းဆောင် | ဦးမြသန်း | ၀၉၄၂၃၈၁၀၂၁၇ | |
| ၇ | စောင့်ကြည့်ကြီးကြပ်ရေး | အဖွဲ့ဝင် | ဒေါ်နော်သက်ထူး | - | |
| ၈ | ဆပ်ကော်မတီ | အဖွဲ့ဝင် | ဒေါ်စိန်ရီ | - | |
| ၉ | လည်ပတ်ရေးနှင့် | ခေါင်းဆောင် | ဒေါ်မိုးသီတာ | - | |
| ၁၀ | ပြုပြင်ထိန်း | အဖွဲ့ဝင် | ဦးကြည်ခိုင် | - | |
| ၁၁ | သိမ်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဒေါ်အိအိဖြိုး | ၀၉၉၆၁၈၄၃၀၆၀ | |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးကျော်ကျော် | ၀၉၂၅၀၁၁၉၄၂၈ | |
| ၁၃ | အကြံပြုတိုင်ကြား | အဖွဲ့ဝင် | ဦးခင်မောင်ဝင်း | - | |
| ၁၄ | ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဒေါ်မြင့်မြင့်မော် | ၀၉၂၅၀၉၃၅၈၁၆ | |
| ၁၅ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးဟန်စိုး | ၀၉၇၈၉၅၉၆၈၄၅ | |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်ယမင်းမို့မို့လှိုင် | ၀၉၄၅၁၃၆၅၉၉၈ | |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး - ဒေါ်ထက်ထက်လှိုင်

လက်ထောက်နည်းပညာမှူး - ဒေါ်အေးသဇင်နိုင်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | | | | | |
|---|---|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | | | | | |
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦး မြသန်း | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် 09423810217 | | | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ဖြိုးသီတာ | | |
| ပြည်နယ်၊တိုင်းဒေသကြီး ဧရာဝတီ | မြို့နယ် | ကြံခင်း | ကျေးရွာအုပ်စု | ကွင်းကြီး | ကျေးရွာ | မှန်ကွင်း | |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | 107 | ဘာသာ (၁) ---ဗုဒ္ဓဘာသာ--- | 107 |
| လူမျိုးစု (၂) ------------- | | ဘာသာ (၂) ------------- | |
| လူမျိုးစု (၃) ------------- | | ဘာသာ (၃) ------------- | |
| လူမျိုးစုရေ ------------- | | ဘာသာရေ ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | — | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 13 | | 6 |
| စစ်ဘေးရှောင် | — | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ဗမာ | 180 | 194 |
| လူမျိုးစု (၂)----------- | | |
| လူမျိုးစု (၃)----------- | | |
| အိမ်ထောင်ဦးစီး | 87 | 20 |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ ( ရှိပါ ) | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် မူကြိုကျောင်း ရှိ / ကျောင်းသား ရှိ | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း (ကျောက်ခင်းလမ်း) ကတ္တရာလမ်း (မြေသားလမ်း) ကွန်ကရစ်လမ်း လူသွားလမ်း မော်တော်ဆိုင်ကယ်လမ်း အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၁၆ /မသိပါ [illegible]

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် (၁၅) မိုင် /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၂၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် ၂၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible] ရေကြီး၊ [illegible]
[illegible]

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) အုပ်ချုပ်ရေး ---------------- (၅) ဓါတ်ပြက အဖွဲ့

(၂) World vision (ဖွံ့ဖြိုး ၃၆ ကလေး) (၆) မျိုးဆက် အဖွဲ့

(၃) ဖိုးလမ်းရေး (၇). မီးသတ် အဖွဲ့

(၄) ကျောင်းကော်မတီ

ကျေးရွာခေါင်းဆောင် အမည် နှိုင်း မြသန်း

လက်မှတ် [signature] နေ့စွဲ 13.9.2017.

လူထုစည်းရုံးရေးမှူး အမည် ဒေါ်အေး ...

လက်မှတ် [signature] နေ့စွဲ 13.9.2017

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | | | |
|---|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | | | |
| စည်းရုံးရေးမှူး/ဂန်ထမ်း အမည် – ဒေါ်တက်ထက်လှိုင် | | | | | | |
| နေ့စွဲ – ၂၇.၉.၂၀၁၇ | | | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် | ဖျာပုံ | ကျေးရွာအုပ်စု | ရွှေစကြာ | ကျေးရွာ | မှန်ကွင်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၇.၉.၁၇ | ၂၇.၉.၁၇ | ၄၁ | ၃၃ | ၇၄ | ၇၄ ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၇.၉.၁၇ | ၂၇.၉.၁၇ | ၄၁ | ၃၃ | ၇၄ | ၇၄ ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၉.၁၀.၁၇ | ၁၉.၁၀.၁၇ | ၂၃ | ၁၈ | ၄၁ | ၄၁ ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၄.၁၂.၁၇ | ၁၄.၁၂.၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၁.၁၂.၁၇ | ၂၁.၁၂.၁၇ | ၄ | ၆ | ၁၀ | ၁၀ ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၂၇.၁၂.၁၇ | ၂၇.၁၂.၁၇ | ၃၆ | ၄၀ | ၇၆ | ၇၆ ဗမာ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၂၇.၁၂.၁၇ | ၂၇.၁၂.၁၇ | ၃၆ | ၇၀ | ၇၆ | ၇၆ | ဗမာ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၇.၁၂.၁၇ | ၂၇.၁၂.၁၇ | ၃၆ | ၇၀ | ၇၆ | ၇၆ | ဗမာ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ထက်ထက်လှိုင် |
| နေ့စွဲ ၂၇.၉.၁၇ — စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ဧရာဝတီ — မြို့နယ် ကြံခင်း — ကျေးရွာအုပ်စု ကွင်းကြီး — ကျေးရွာ မှန်ကွင်း |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မိုးတွင်းကာလတွင် သွားလာရေး ခက်ခဲခြင်း | ၁ | နွေကာလတွင် ရေရှားပါးခြင်း |
| ၂ | လယ်၊ ယာ ထုတ်ကုန်များ သယ်ယူရန် လမ်း မရှိခြင်း | ၂ | စိုက်ပျိုးရေး အတွက် ရေလုံလောက်မှု မရှိခြင်း |
| ၃ | လယ်မြေ ဘောကွက်များ မရှိခြင်း | ၃ | ကျန်းမာရေး စောင့်ရှောက်မှု ခက်ခဲခြင်း |
| ၄ | စိုက်ပျိုးရန်အတွက် ရေမလုံလောက်ခြင်း | ၄ | မိုးတွင်းကာလတွင် လမ်းများ ပျက်စီးခြင်း |
| ၅ | ကျန်းမာရေး အတွက် ဆေးခန်း မရှိခြင်း | ၅ | မီး၊ ရေ၊ မလုံလောက်ခြင်း |
| ၆ | လျှပ်စစ်မီး မရှိခြင်း | ၆ | မိသားစု စားဝတ်နေရေး အတွက် ပုံမှန်ဝင်ငွေ မရှိခြင်း |
| ၇ | အလုပ်အကိုင် ရှားပါးခြင်း<br>၈။ ဂုံးပေါက် မရှိ၍ တာပေါ်ရေကျော်ခြင်း | ၇ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လျှပ်စစ်မီး လင်းချင်ပါတယ်။ | ၁ | စိုက်ပျိုးရေး၊ မွေးမြူရေး အတွက်ရေလုံလောက်စွာ ရရှိစေချင်ပါတယ်။ |
| ၂ | ကျေးရွာတွင်း လမ်းများ ကောင်းစေချင်သည်။ | ၂ | ကျန်းမာရေး စောင့်ရှောက်မှု ရရှိချင်ပါတယ်။ |
| ၃ | မျိုးသန့်စပါး လုံလောက်စွာရှိ ချင်ပါတယ်။ | ၃ | တစ်ရွာလုံး အဆင်ပြေစေရန် လျှပ်စစ်မီး လင်းစေချင်တယ်။ |
| ၄ | နှစ်ရှည်ချေးငွေ လိုချင်ပါတယ်။ | ၄ | လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန် စေချင်ပါတယ်။ |
| ၅ | ဒုဥ္ဖွဲ - မှန်ကွင်းလမ်း ကောင်းစေ ချင်ပါတယ်။ | ၅ | မိသားစု ဝင်ငွေတိုးစေရန် ပုံမှန်ဝင်ငွေ ရရှိစေချင်တယ်။ |
| ၆ | တာပေါ်ရေမကျော်စေရန် ဂုံးပေါက် ဖောက်ချင်တယ်။ | ၆ | |
| ၇ | အမြဲအလုပ်ရရှိစေချင် ပါတယ်။ | ၇ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်း မြေနီကျောက် ဖို့လမ်း + မြောင်းချခြင်း | ကျား + မ | ၅၆ သိန်း | ၃၇၄ |
| ၂ | ရုံးပေါက် (၂၀'x၇'x၅') | ကျား | ၅၀ သိန်း | ၃၇၄ |
| ၃ | မှန်ကွင်း - ဒုံးချို ချောင်း၊ ကျောက်ကာလမ်း (၂၁၀၀'x၁၄'x၆") | ကျား + မ | ၅၂ သိန်း | ၃၇၄ |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | နှစ်ရှည်ချေး ငွေ | မ | |
| ၂ | သက်ရှိဓါတ်ပေါင်းမှိုသို | မ | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ------ ဦး[signature]အောင် ------ လက်မှတ် ------ [signature] ------ နေ့စွဲ ------ ၂၇-၆-၁၇ ------

လူထုဗဟိုပြုဒီမံကိန်း၊စီမံကိန်း

အပိုဒ်-၃ ၉.၉.၂၀၁၅

**ပုံစံPC-၄ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ**

| | | |
|---|---|---|
| *လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။* | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ဒေါ်ထက်ထက်လှိုင်၊ ဒေါ်အေးသဇင်ဦး | | |
| နေ့စွဲ - ၁၉.၁၀.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√)□စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ဧရာဝတီ | မြို့နယ်<br>ကြံခင်း | ကျေးရွာအုပ်စု<br>ကွင်းကြီး |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ဘုန်းပွဲ | ဘက်စုံသုံးခန်းမ | ၂၀'×၄၀' | ၂၄၁၃ ဦး | □အမျိုးသား<br>☑အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၉၀ သိန်း | - | - | | ၉၀ သိန်း |
| မှန်ကွင်း | ရွာတွင်း ကျောက်ပိုးတိုး မြေနီလမ်း+မြောင်းဖြင့် | ၁၃၀၀'×၁၅'×၆"<br>၁၃၀၀'×၁၂'×၆"<br>၁၅၀၀'×၁၀'×၆"<br>၄၃၀၀'×၈'×၆" | ၃၃၄ ဦး | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၅၆ သိန်း | - | - | | ၅၆ သိန်း |
| ဝက်လှုံး (၁၃မိုင်ဂ) | ရွာတွင်း ချောင်းကျောက်လမ်း | ၄၅၀၀'×၁၈'×၄" | ၄၅၀ ဦး | □အမျိုးသား<br>□အမျိုးသမီး<br>☑အမျိုးသားနှင့်အမျိုးသမီး | ၅၂ သိန်း | - | - | | ၅၂ သိန်း |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်း[illegible]

အပိုင်း-၃ ၊၉.၉.၂၀၁၅

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးစန်းလွင်

လက်မှတ် (signature) ရက်စွဲ ၁၉.၁၀.၁၇

## ၁၃။ အစည်းအဝေးမှတ်တမ်း

ကြံခင်းမြို့နယ်၊ ကွင်းကြီးအုပ်စု၊ မှန်ကွင်းကျေးရွာ

ပထမ+ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်း

မှန်ကွင်းကျေးရွာတွင်ပထမ/ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို(၂၇.၉.၂၀၁၇)နေ့လည် (၁၂း၀၀) နာရီတွင် စတင်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားခြင်း။

- ဝန်ထမ်းများမှမိတ်ဆက်စကားပြောကြားခြင်း။

- ကျေးရွာစီ/ထောက်ကော်မတီများအား မိတ်ဆက်ခြင်း။

- ကျေးရွာလူထုအနေဖြင့် စီမံကိန်းအား မိတ်ဆက်ခြင်း။

- စီမံကိန်းအကြောင်းကျေးရွာလူထုနှင့်ဆွေးနွေးမေးမြန်းခြင်း။

- စီမံကိန်းစက်ဝန်းအား ကျေးရွာလူထုအားရှင်းပြခြင်း။

- ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအကြောင်းရှင်းပြခြင်း။

- ကျား/မရေးရာ ကဏ္ဍအား ဆွေးနွေးတိုင်ပင်ခြင်း။

- ဆောင်ရန်ရှောင်ရန်များကို ရှင်းပြခြင်း။

- စီမံကိန်းတွင် အဓိကပါဝင်သူများကို ကျေးရွာလူထုသိရှိအောင် ဆွေးနွေးတိုင်ပင်ပြီးကျေးရွာလူထုအား အဓိက ပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းပြခြင်း။

လူမှုဆန်းစစ်ချက်များဖြစ်သည့်

- လူမှုနှင့်သဘာဝအရင်းအမြစ်ကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

- အဖွဲ့အစည်းချိတ်ဆက်ပြပုံကို ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခြင်း။

- ပင့်ကူအိမ်သုံးသပ်ချက် ကိုအမျိုးသမီးများအား သီးသန့်တစ်ဝိုင်းဖွဲ့ပြီး ဆွေးနွေးပြီး အမျိုးသားများကိုလည်း ဝိုင်းဖွဲ့ဆွေးနွေးခဲ့သည်။

-အရင်းအမြစ်များအသုံးပြုမှု/ထိန်းချုပ်မှုကို ကျေးရွာလူထုနှင့်အတူ ဆွေးနွေးဖော်ထုတ် နိုင်ခဲ့သည်။

-ရာသီခွင်ပြပြက္ခဒိန်ကို ဖော်ထုတ်ဆွေးနွေးခြင်း၊

-ဥစ္စာဓနအဆင့်သတ်မှတ်ချက်ကို ဆွေးနွေးခြင်း၊

လူမှုဆန်းစစ်ချက်များကို ပြုလုပ်ပြီးသည့်နောက်တွင် ကျေးရွာလူထုအား ပြန်လည်အနှစ်ချုပ်ရှင်းပြခြင်း။

လူမှုဆန်းစစ်ခြင်းများကို အနှစ်ချုပ်ပြီးနောက်တွင်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မည့်သည့် အခက် အခဲများက တားဆီးနေသလဲ ဟူသည်ကို အမျိုးသား/အမျိုးသမီး ဝိုင်းဖွဲ့ပြီးဆွေးနွေးခဲ့ကြသည်။

ကျေးရွာပြည်သူလူထုရှိမိမိကျေးရွာအပေါ်တွင်ထားရှိသောမျှော်မှန်းချက်များကို အမျိုးသား/အမျိုးသမီးဝိုင်းဖွဲ့ပြီး ဆွေးနွေး ခဲ့ကြသည်။ ကော်မတီများဖွဲ့စည်းပြီးနောက်ပိုင်းတွင် ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးပြီးဖော်ထုတ်ခဲ့ကြ သည်။

စီမံကိန်းတွင်လူမှုအကာအကွယ်နှင့်သဘာဝ အကာအကွယ်များကိုရှင်းပြခြင်း။ စီမံကိန်းတွင် အကျုံး ဝင်/မဝင်ကို ရှင်းပြခြင်း။ဦးစားပေးလုပ်ငန်းများကိုလည်း ကျေးရွာလူထုနှင့်အတူ ဖော်ထုတ်ခဲ့ကြသည်။

ကော်မတီများအား လက်မှတ်ရေးထိုးခြင်းနှင့် ဓာတ်ပုံမှတ်တမ်းတင်ပြီး အစည်းအဝေးအား ပိတ်သိမ်းခဲ့သည်။

**********************************************

# ၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အဦး | ၁ | ရွာတွင်းမြေနီကျောက်ပိုးထိုးလမ်း ပြုပြင်ခြင်း | ကျား<br>မ | ၂၀၁၈ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | ဂုံးပေါက် | ကျား | ၂၀၁၉ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | မှန်ကွင်း/အုပ္ပံချောင်းကျောက်လမ်း | ကျား<br>မ | ၂၀၂၀ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၄။ | ရေပေးဝေရေး | ကျား<br>မ | ၂၀၂၁ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| အသက်မွေးဝမ်းကြောင်း/ စိုက်ပျိုးရေး | ၅။ | သက်ရင့်စပါးမျိုးသန့် | မ | ၂၀၂၂ | ကျေးရွာလူထု | စိုက်ပျိုးရေးဦးစီးဌာန |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၆။ | နှစ်ရှည်ချေးငွေလုပ်ငန်း | မ | ၂၀၂၃ | ကျေးရွာလူထု | ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန |
| | ၇။ | လျှပ်စစ်မီး | ကျား<br>မ | ၂၀၂၄ | ကျေးရွာလူထု | ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန |
| | | | | | | |
| | | | | | | |